## ၂။ ဘူး၊ ဖရုံ ကျိုင်းနီ

**Red Pumpkin Beetle : *Aulacophora foveicollis* (Lucas, 1849)**

**Coleoptera : Chrysomelidae**

### ဖျက်ကောင်ပုံသဏ္ဍာန်



ဥများကို မြေကြီးထဲတွင်အုပြီး ဥမှ ပေါက်ခါစ လောက်ကောင်သည် ညိုညစ်ညစ်ရောင်ရှိပြီး အရွယ်ရောက်လောက်ကောင်သည် အဝါရောင်ရှိသည်။ အရွယ်ရောက် အကောင်ကြီးမှာ နီဝါရောင် ရှိသည်။

### ဖျက်ဆီးမှု လက္ခဏာများ



အရွက်များပေါ်တွင် အကောင်ကြီးများဖျက်ဆီးခြင်းနှင့် အပင်အမြစ်များကို ကိုက်ခြင်း ပင်စည် များကို ဖျက်ဆီးထားသည်ကို တွေ့ရသည်။ အရွက်များပေါ်တွင် အရစ်အဝိုင်းများတွေ့ရပြီး ပိုးကျရောက် မှုများပါက အရွက်များညှိုးခြောက်သွားသည်။ အသီးထဲဝင်စားပါက အသီးများပုပ်၍ ကြွေကျသွားသည်။ ဘူး၊ ဖရုံ၊ သခွားအုပ်စုဝင် သီးနှံများ၏ ပျိုးပင်များနှင့် အပင်ငယ်အဆင့်တွင် ဆိုးရွားစွာကျရောက်သော ဖျက်ပိုးဖြစ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၇)ရက် |
| လောက်ကောင် အဆင့် | – (၁၄–၁၈)ရက် |
| ရုပ်ဖုံး အဆင့် | – (၈–၁၀)ရက် |
| အကောင်ကြီး အဆင့် | – (၈)လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အရွယ်ရောက်အကောင်များကို ဖျက်ဆီးရန် အသီးခူးဆွတ်ပြီးချိန်တွင် စိုက်ခင်းကိုထယ်နက်နက်ထိုး ပါ။

(၂) အသီးထဲပိုးဝင်ရောက်ဖျက်ဆီးခြင်းမှ သက်သာစေရန်စင်ခံစိုက်ပျိုးပါ။

(၃)တမာပိုးသတ်ဆေးကို တစ်ပတ်တစ်ကြိမ် ပက်ဖျန်းပါ။

(၄)အကောင်ကြီးများကို ပိုးဖမ်းပိုက်နှင့် ဖမ်းပြီးဖျက်ဆီးပစ်ပါ။

(၅)အပင်အမြစ်ပတ်ဝန်းကျင်တွင် ဖီပရိုနေး ၃ဂျီအာ (Fipronil 3GR) (သို့) ကာဘိုဆာလဖန်၅ဂျီ (Carbosulfan 5G) ထည့်ပါ။

(၆)ထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- ကာဘာရိုင်း (Carbaryl)